အသင်ဒေါသမထားနှင့်ဟု

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု) က ဆင့်ပြန်ခဲ့သည်။ ပုဂ္ဂိုလ်တစ်ဦးကတမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)အား ကျွန်တော်မျိုးအား
ဆုံးမတော်မူပါဟု လျှောက်ထားခဲ့သည်။ ကိုယ်တော်က « အသင်ဒေါသမထားနှင့်ဟု» မိန့်တော်မူသည်။ ထိုပုဂ္ဂိုလ်က အကြိမ်ကြိမ်လျှောက်ထားခဲ့ရာ ကိုယ်တော်က (အကြိမ်တိုင်းတွင်) «အသင်ဒေါသမထားနှင့်ဟု» မိန့်တော်မူခဲ့သည်။
[صحيح] [رواه البخاري]

ဆွဟာဗဟ်(ရဿွိယလ္လာဟုအန်ဟု)တစ်ဦးက တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)အားမိမိအား အကျိုးဖြစ်စေမည့်အရာကို ညွှန်ကြားပြသပေးရန်တောင်းဆိုခဲ့သည်။ ကိုယ်တော်ကသူ့အား ဒေါသမထားရန် မိန့်ကြားတော်မူခဲ့သည်။ ဆိုလိုသည်မှာ ဒေါသဖြစ်စေသောအကြောင်းတရားများကို ရှောင်ကြဉ်ရန်၊ ဒေါသဖြစ်လျှင်လည်း မိမိကိုယ်မိမိထိန်းချုပ်ရန်နှင့် ဒေါသအလျှောက် သတ်ခြင်း၊ ရိုက်ပုတ်ခြင်း၊ ဆဲဆိုခြင်းစသည်တို့ကို မကျူးလွန်ရန်ဖြစ်သည်။ ထိုသူက ဆုံးမစကားပြောကြားရန်အကြိမ်ကြိမ်တောင်းဆိုခဲ့ရာ ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က “အသင်ဒေါသမထားနှင့်“ ဟူသည့်စကားအပြင်မည်သည့်စကားမျှထပ်မပြောခဲ့ပေ။

http://sunnah.global/hadeeth/my/show/4709